# ၁၉၅၆ ခုနှစ်၊ စက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ စက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၂ ခုနှစ်၊ စက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အက်ဥပဒေ၏ပုဒ်မ ၄၊ အပိုဒ် (၁) တွင် ''ဝန်ကြီးလေးဦး'' ဆိုသည့်စကားရပ်အစား ''ဝန်ကြီးအနည်းဆုံးသုံးဦး'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၅ အစား အောက်ပါကို၊ ပုဒ်မ ၅ အဖြစ်ထည့်သွင်းရမည်။

> ''၅။ ။နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၄၊ အပိုဒ် (၁) တွင် ရည်ညွှန်းထားသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအနက် တဦးကိုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်၎င်း၊ အခြားတဦးကိုအဖွဲ့၏ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်၎င်း တင်မြှောက်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ အစား အောက်ပါကို၊ ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

> ''၁၉။ ။(၁) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သည့် ငွေစာရင်းများကို၎င်း၊ ထိုငွေစာရင်းများနှင့်သက်ဆိုင်သည့်အခြားမှတ်တမ်းများကို၎င်း နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။ ထို့ပြင် ဘဏ္ဍာတော်နှစ် အသီးသီးနှင့် စပ်လျဉ်းသည့် အဖွဲ့၏ နှစ်ချုပ်ငွေစာရင်းကို၊ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။
>
> (၂) အဖွဲ့သည်၊ နိုင်ငံတော်သမတ ကဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ ငွေစာရင်း ရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော်သမတ ထံ ပေးပို့ရမည်။
>
> (၃) အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်

အဘိုး—၁၀ ပြား]

စာရင်းစစ်ချုပ်၏သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်အပ်သောမှတ်ပုံတင်စာရင်းစစ်များအား နိုင်ငံတော်သမတက သဘောတူညီချက်ဖြင့် အဖွဲ့၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်းကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ အဖွဲ့သည်၊ နိုင်ငံတော်သမတ ထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာမိတ္တူတစောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစောင်စီကို၊ အဖွဲ့၏ဗဟိုရုံးတွင် လူအများ ကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျ အမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ် ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်း ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ် ခွင်တွင်မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။''

ပ၊မ၊ဗ၊စ၊—အမှတ် ၇၀၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၃၀-၁-၅၇—၂,၂၀၀—၂း